**ခွေးသေးပန်း (ခ) ကရင်မပန်းဖူး**

Scientific name - *Ageratum conyzoides* L.

Common name - Billy goat weed

Family - Asteraceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ထောင်အမျိုးအစား ဖြစ်သည်။ တိမ်သောအမြစ်မှာရှိသည်။ ပင်စည်သည် ၅၀ - ၁၅၀၀ မီလီမီတာရှည်သည်။ ကိုင်းဖြာ၍အမွေးရှိသည်။ အရွက်မျက်နှာပြင်နှစ်ဘက်စလုံးတွင် ထင်ရှားသော ရွက်ကြောရှိပြီး အမွေးပါသည်။ အရွက်ကို ချေကြည့်ပါက ပြင်းထန်သောအနံ့ရှိသည်။ ရွက်ဆိုင်ထွက်သည်။ ဘဲဥပုံရှိသည်။ ပန်းခိုင်မှာ ထိပ်ထွက်ရင်းခြားထိပ်ညီပန်းခိုင်ဖြစ်သည်။ ဦးခေါင်းပုံပန်းခိုင် ၄ - ၁၈ ခန့်ဖြင့် ဖွဲ့စည်းထားသည်။ အပြာဖျော့ရောင် သို့မဟုတ် အဖြူရောင် သို့မဟုတ် ခရမ်းရောင်ရှိသည်။ အသီးသည် အမြောင်း သို့မဟုတ် ထောင့်ပါပြီး အနက်ရောင်ရှိသည်။ အဖြူရောင် သို့မဟုတ် နို့နှစ်ရောင် အပေါ်သို့ထောင်နေသော အမွေးကြမ်းခြောက်ခုပါသည်။ အစေ့အားဖြင့် မျိုးပွားသည်။